# ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်

# ALL BURMA FEDERATION OF STUDENT UNIONS

## အဖမ်းဆီးခံ အမျိုးသမီးရဲဘော်များ၏ စစ်ကြောရေးနှင့် ထောင်တွင်း

## လိင်ပိုင်းဆိုင်ရာ စော်ကားခံရမှုများနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ။ ၁၉ ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၂၂ ခု။

၂၀၂၁ ခုနှစ် စစ်အာဏာမသိမ်းမီကပင် ဗကသများအဖွဲ့ချုပ်ဝင် အမျိုးသမီးရဲဘော်များသည် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ကာ တိုက်ပွဲဝင်နေခဲ့ကြပြီးဖြစ်သည်။ ယခု နွေဦးတော်လှန်ရေးအတွင်း၌လည်း ကျွန်ုပ်တို့၏ အမျိုးသမီးရဲဘော်များသည် အမျိုးသားထုနှင့် ရင်ပေါင်တန်းကာ ပြောင်မြောက်စွာ တိုက်ပွဲဝင်နေကြဆဲဖြစ်သည်။

ဗကသများအဖွဲ့ချုပ်၏ အမျိုးသမီးရဲဘော်တဦးသည် မတရားဖမ်းဆီးခံခဲ့ရပြီး စစ်ကြောရေး၌ လိင်ပိုင်းဆိုင်ရာ စော်ကားခံခဲ့ရကာ ထောင်သို့ပို့ပြီး တိုက်ပိတ်နှိပ်စက်ထားကြောင်း သိရသည်။ ယခုအချိန်အထိလည်း ဆေးဘက်ဆိုင်ရာ ကုသမှု တစုံတရာမရရှိသေးပေ။ ထိုအမျိုးသမီးရဲဘော်သာမက တခြားအဖမ်းဆီးခံ အမျိုးသမီးများ သည်လည်း လိင်ပိုင်းဆိုင်ရာ စော်ကားခံခဲ့ကြရသည်များရှိသည်။ အမျိုးသမီးများ သာမက အမျိုးသားနှစ်ဦးသည်လည်း အဆိုပါ စစ်ကြောရေး၌ လိင်ပိုင်းဆိုင်ရာ ပြုကျင့်ခြင်းခံခဲ့ရကြောင်း သိရှိရသည်။ ယခင်ကလည်း မတရားဖမ်းဆီးခံ ရဲဘော်များ၏ စအိုအတွင်း ဝါးလုံး ထိုးထည့်ကာ နှိပ်စက်ခဲ့ကြောင်း သိရှိပြီးဖြစ်မည်ဟု ယူဆပါသည်။ မင်းအောင်လှိုင် စစ်အုပ်စု၏ ပြည်သူလူထုအပေါ် လူမဆန်စွာ နှိပ်စက်နေပုံမှာ စကားလုံးများဖြင့်ပင် ဖော်မပြနိုင်လောက်အောင် အောက်တန်းကျနေပြီ ဖြစ်သည်။

သို့ဖြစ်ပါ၍ ပြည်တွင်းပြည်ပမှ ဥပဒေဆိုင်ရာ အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ အပါအဝင် ဒီမိုကရေစီအရေး ထောက်ခံအားပေးသူများအနေဖြင့် ယခုကဲ့သလို လိင်ပိုင်းဆိုင်ရာ စော်ကားမှုများကို ရေရှည်ရပ်တန့်ပိတ်မနေဘဲ ကူညီဆောင်ရွက်ကြပါရန်၊ အနှိပ်စက်ခံရသဖြင့် ဒဏ်ရာရသူများအတွက် ဆေးကုသခွင့် ရရှိရေးကိုပါ ကူညီဆောင်ရွက် ပေးကြပါရန် လေးစားစွာ တိုက်တွန်းအပ်ပါသည်။

ကျွန်ုပ်တို့ ဗကသရဲဘော်များသည် စစ်အာဏာရှင်စနစ်၊ မတရားမှုအပေါင်းကို တိုက်ပွဲဆင်ကတည်းက အရာရာကို စွန့်လွှတ်ခဲ့ပြီးသားဖြစ်သည်။ ထို့ကြောင့် စစ်အုပ်စု၏ ဖိနှိပ်အပေါင်း၊ ရက်စက်မှုအပေါင်းသည် ကျွန်ုပ်တို့၏ တော်လှန်ရေးကို တစ်စက္ကန့်မျှပင် တွန့်ဆုတ်စေမည် မဟုတ်။

**ကျွန်ုပ်တို့၏ ကိုယ်သည် သွေးအလိမ်းလိမ်းထွက်နေလိမ့်မည်။**

**သို့သော် ကျွန်ုပ်တို့သည် အရှုံးမပေးကြပေ။**

**စစ်အာဏာရှင်စနစ် မုချကျရှုံးရမည်။**

အောင်ပြည့်စုံဖြိုး

ဥက္ကဋ္ဌ

ဗကသများအဖွဲ့ချုပ်